# ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသူများအနက် မဲဆန္ဒပေးပိုင်ခွင့်ရှိသူများ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ကြိုတင်၍ ဆန္ဒမဲပေးနိုင်ရန်ကိစ္စနှင့် စပ်လျဉ်းသည့် ကြေညာချက်

၁။ ၁-၄-၂၀၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် ၂၀၁၇ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲများ၌ ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသူများအနက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ကြိုတင်၍ ဆန္ဒမဲပေးနိုင်ရေးအတွက် သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၇ပါ ပြဋ္ဌာန်းချက်နှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ နိုင်ငံပြည်ပတွင် ရောက်ရှိနေသူများအနက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှ ကြိုတင်ဆန္ဒမဲလက်မှတ်ပေးနိုင်ရေးအတွက် အော်စလိုမြို့ မြန်မာသံရုံးမှ ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုချက်ဖြင့် နော်ဝေနိုင်ငံသို့ ရောက်ရှိနေသည့် မဲဆန္ဒရှင်များ၏ ပုံစံ (၁၅) များကို ကောက်ခံလျက်ရှိပါသည်။ ထို့သို့ဆောင်ရွက်နိုင်ရန် နော်ဝေနိုင်ငံအတွင်းသို့ ရောက်ရှိနေသည့် မဲဆန္ဒရှင်များ ဖြည့်သွင်းရမည့် ပုံစံ (၁၅)ကို နောက်ဆက်တွဲ "က" ၌ ဖော်ပြထားပါသည်။

၃။ ၂၀၁၇ခုနှစ် ဧပြီလ (၁) ရက်နေ့၌ ပြုလုပ်မည့် ကြားဖြတ်ရွေးကောက်ပွဲ၌ အကျုံးဝင်သော မြို့နယ်များနှင့် လစ်လပ် ပြည်သူ့လွှတ်တော်မဲ ဆန္ဒနယ်များ ပါဝင်သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၆ခုနှစ် အောက်တိုဘာလ (၂၇) ရက်နေ့စွဲပါ ကြေညာချက် အမှတ် (၂၃/၂၀၁၆)ကို နောက်ဆက်တွဲ "ခ" ၌ ဖော်ပြထားပါသည်။

၄။ ကြားဖြတ်ရွေးကောက်ပွဲ၌ ကြိုတင်ဆန္ဒမဲပေးရန် မဲဆန္ဒပေးပိုင်ခွင့်ရှိသူ နော်ဝေနိုင်ငံအတွင်း နေထိုင်နေသည့် မြန်မာနိုင်ငံသားများအနေဖြင့် နောက်ဆက်တွဲ "က"၌ ဖော်ပြထားသည့် ပုံစံ (၁၅)ကို ပြည့်စုံစွာ ဖြည့်စွက်လျက် အော်စလိုမြို့ မြန်မာသံရုံးသို့ ၂၀၁၆ခုနှစ် ဒီဇင်ဘာလ (၅)ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ထိုသို့ပေးပို့ရာတွင် စာတိုက်မှသော်လည်းကောင်း၊ အီးမေလ်မှ တစ်ဆင့်သော်လည်းကောင်း ပေးပို့နိုင်ပြီး ပုံစံ (၁၅) နှင့်အတူ နိုင်ငံကူးလက်မှတ် မိတ္တူကိုလည်း ထည့်သွင်းပေးပို့ပေးနိုင်ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၅။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ သတ်မှတ်ထားသည့် ၂၀၁၇ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတွင် နိုင်ငံပြင်ပရောက် မဲဆန္ဒရှင်များကို ကြိုတင်မဲပေးခြင်း လုပ်ငန်းစဉ်နှင့် စပ်လျဉ်းသည့် လျာထားအချိန်ပြဇယားတွင် မဲဆန္ဒရှင်များက ဖြည့်စွက်ပြီးသည့် ပုံစံ(၁၅)များကို နိုင်ငံခြားရေးဝန်ကြီးဌာနမှ ရွေးကောက်ပွဲကော်မရှင်သို့ ၂၀-၁၂-၂၀၁၆ ရက်နေ့ နောက်ဆုံးထား ပေးပို့ရန် ဖော်ပြထားသည့်အတွက် ကြိုတင်ဆန္ဒမဲရှင်များက ဖြည့်စွက်ပြီး ပုံစံ(၁၅)များကို အော်စလိုမြို့၊ မြန်မာသံရုံးသို့ ၅-၁၂-၂၀၁၆ ရက်နေ့ နောက်ဆုံးထား ပေးပို့ရန် ထပ်လောင်း မေတ္တာ ရပ်ခံအပ်ပါသည်။

မြန်မာသံရုံး၊အော်စလိုမြို့

ရက်စွဲ ၂၀၁၆ခုနှစ် နိုဝင်ဘာလ ၃ ရက်

ပူးတွဲ (က)

ပုံစံ (၁၅)

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
## သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့် ပတ်သက်၍ ဖြည့်သွင်းရန်ပုံစံ

[ နည်းဥပဒေ ၅၆ (က) နှင့် ၅၇ (က) ]

ဥက္ကဋ္ဌ

-------------------- မြို့နယ်ကော်မရှင်အဖွဲ့ခွဲ

ကျွန်တော်/ကျွန်မ -------------------------------- သည် -------------------------------- ရွေးကောက်ပွဲကျင်းပသည့် နေ့ရက်တွင် သက်ဆိုင်ရာ မဲဆန္ဒနယ်၏ ပြင်ပသို့ ရောက်ရှိနေမည် ဖြစ်ပါသည်။ ကျွန်တော်/ကျွန်မအားကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် ကျွန်တော်/ကျွန်မနှင့် ပတ်သက်သည့် အချက်အလက်များကို အောက်ပါအတိုင်း ဖော်ပြ တောင်းဆိုအပ်ပါသည် -

(၁) တောင်းဆိုသူ၏ အမည် ------------------------------------------------

(၂) တိုင်းရင်းသားလူမျိုး ------------------------------------------------

(၃) မှတ်ပုံတင်အမှတ် ------------------------------------------------

(၄) မွေးသက္ကရာဇ် (အသက်) ------------------------------------------------

(၅) အဘအမည် ------------------------------------------------

(၆) အမိအမည် ------------------------------------------------

(၇) *တောင်းဆိုသူ၏ အမြဲတမ်းနေရပ်လိပ်စာ- အမှတ်(                    )
------------- လမ်း/ကျေးရွာ -------------- ရပ်ကွက်/ကျေးရွာအုပ်စု၊
---------------မြို့နယ်၊ ------------------ တိုင်းဒေသကြီး/ပြည်နယ်

(၈) **တောင်းဆိုသူ ယခုရောက်ရှိနေသည့် ----------------------------------
နေရပ်/ဌာန (ပြည်တွင်း/ပြည်ပ) ----------------------------------
ခွဲခြားဖော်ပြရန်၊

တောင်းဆိုသူ၏ လက်မှတ်

ရက်စွဲ၊ ------------------------

* တောင်းဆိုသူ၏ အမြဲတမ်းနေရပ်လိပ်စာသည် ယခုတောင်းခံသည့် မဲဆန္ဒနယ် အတွင်း ဖြစ်ရမည်။

** ပြည်တွင်းတွင် ရောက်ရှိနေသည့် မြို့နယ်အမည် ဖော်ပြရန်။
ပြည်ပတွင် ရောက်ရှိနေသည့် နိုင်ငံအမည်နှင့် မြို့အမည်ကို မြန်မာ(သို့) အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြရန်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် ( ၂၃ / ၂၀၁၆)

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်

(၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်)

## လွှတ်တော်အသီးသီးတွင် လွှတ်တော်ကိုယ်စားလှယ်လစ်လပ်နေသော မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပမည့်နေ့ရက်သတ်မှတ်ကြေညာခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေ ပုဒ်မ ၁၀ ပါတာဝန်နှင့်လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၃၄(ဂ)နှင့် နည်းဥပဒေ ၁၆(က)တို့အရ ၁၃၇၈ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၅ ရက် (၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်) စနေနေ့တွင် လွှတ်တော်ကိုယ်စားလှယ်နေရာလစ်လပ်နေသည့် အောက်ပါ မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သတ်မှတ် ကြေညာလိုက်သည် -

| | လစ်လပ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ | အကျုံးဝင်သောမြို့နယ်များ |
|---|---|---|
| (၁) | မုံရွာမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မုံရွာ |
| (၂) | ချောင်းဆုံမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ချောင်းဆုံ |
| (၃) | အမ်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | အမ်း |
| (၄) | လှိုင်သာယာမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | လှိုင်သာယာ |
| (၅) | ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် | ဒဂုံမြို့သစ်(ဆိပ်ကမ်း) |
| (၆) | ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် | ဒဂုံမြို့သစ်(အရှေ့ပိုင်း) |
| (၇) | ကော့မှူးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကော့မှူး |
| (၈) | ကျေးသီးမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် | ကျေးသီး |
| (၉) | မိုင်းရှူးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မိုင်းရှူး |

| လစ်လပ်အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များ | အကျုံးဝင်သောမြို့နယ်များ |
|---|---|
| (၁) ချင်းပြည်နယ်အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ် (၃) | ထန်တလန် |
| (၂) ပဲခူးတိုင်းဒေသကြီးအမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ် (၄) | ကျောက်တံခါး၊ ညောင်လေးပင် |
| (၃) ရန်ကုန်တိုင်းဒေသကြီးအမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ် (၆) | ကမာရွတ်၊ ကြည့်မြင်တိုင်၊ ဆိပ်ကမ်း၊ လသာ၊ လှိုင်၊ လမ်းမတော်၊ အလုံ |

| လစ်လပ်ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်များ | အကျုံးဝင်သောမြို့နယ်များ |
|---|---|
| (၁) ဖရူဆိုမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ် (၁) | ဖရူဆို |
| (၂) ကျိုင်းတုံမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ် (၂) | ကျိုင်းတုံ |
| (၃) ကျေးသီးမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ် (၁) | ကျေးသီး |
| (၄) ကျေးသီးမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ် (၂) | ကျေးသီး |
| (၅) ညောင်ရွှေမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ် (၁) | ညောင်ရွှေ |
| (၆) မိုင်းရှူးမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ် (၁) | မိုင်းရှူး |
| (၇) မိုင်းရှူးမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ် (၂) | မိုင်းရှူး |

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်